**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**
**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

စာအမှတ်၊ SSE / NM / ၂၀ / ၂၀၂၃
ရက်စွဲ၊ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်

အကြောင်းအရာ။ **ရေကြောင်းသတိပေးချက်ထုတ်ပြန်ခြင်းကိစ္စ**

ရည် ညွှန်း ချက်။ (၁) ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၏ (၇.၇.၂၀၂၃) ရက်စွဲပါ စာအမှတ်၊ဆသ-၂/မလ/Campana/၂၀၂၃(၁၆၆၆)

(၂) ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ (၆.၄.၂၀၂၃)ရက်စွဲပါ စာအမှတ်၊ SSE/NM/၄/၂၀၂၃

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ ကွန်ယက်အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်းလိုင်စင်(အထူး) နှင့် အပြည်ပြည်ဆိုင်ရာ ပင်မဝင်ပေါက်ထွက်ပေါက်လုပ်ငန်း လုပ်ကိုင်ခွင့်ကိုရရှိထားသည့် Campana Mythic Co.,Ltd သည် မြန်မာ-စင်္ကာပူ အပြည်ပြည်ဆိုင်ရာ ပင်လယ်ရေအောက် ဖိုင်ဘာကေဘယ်သွယ်တန်းခြင်းလုပ်ငန်းကို (၁၆.၄.၂၀၂၃) ရက်နေ့မှ (၁၂.၇.၂၀၂၃) ရက်နေ့အထိ ဆောင်ရွက်မည်ဖြစ်ကြောင်း ရည်ညွှန်းချက် (၂) ပါစာဖြင့် ရေကြောင်းသတိပေးချက်ထုတ်ပြန်ပြီးဖြစ်ပါသည်။ သို့ရာတွင် အဆိုပါနေ့ရက်များ၌ လုပ်ငန်းများမပြီးပြတ်သေးပါသဖြင့် ပင်လယ်ရေအောက်ဖိုင်ဘာကေဘယ်သွယ်တန်းခြင်းလုပ်ငန်းကို ရေအောက်ဖိုင်ဘာကေဘယ်ချခင်းသည့် သင်္ဘော CS. Nusantara Explorer (Call Sign: YBHR2) ဖြင့် မြန်မာအထူးသီးသန့်စီးပွားရေးဇုန် (Myanmar Exclusive Economic Zone) အတွင်း (၁၃.၇.၂၀၂၃) ရက်နေ့မှ (၃၁.၁၂.၂၀၂၃) ရက်နေ့အထိ ဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ ရေအောက်ဖိုင်ဘာကေဘယ်ကြိုးများ ပင်လယ်ကြမ်းပြင်တွင် ချခင်းခြင်းလုပ်ငန်း ဆက်လက်ဆောင်ရွက်ရာတွင် ရည်ညွှန်းချက် (၂) ပါစာဖြင့် ထုတ်ပြန်ပြီးသော Coordinate များနှင့် ယခုဆက်လက်ဆောင်ရွက်မည့် Coordinate များမှာ ကွာခြားမှုရှိကြောင်းတွေ့ရှိရပါသည်။

၃။ ကေဘယ်ကြိုးကို ROV (Remotely Operated Underwater Vehicle) အား အသုံးပြု၍ ပင်မလိုင်းခွဲယူနစ် (၁) တပ်ဆင်ထားသောနေရာတွင် သောင်တူးခြင်းဖြင့် မြှုပ်နှံခြင်းလုပ်ငန်းကို (၁၃.၇.၂၀၂၃) ရက်နေ့မှ (၁၆.၇.၂၀၂၃) ရက်နေ့အထိ အောက်ပါ Coordinate များတစ်လျှောက် ဆောင်ရွက်သွားမည်ဖြစ်ပါသည်-

| Date | Latitude | Longitude |
|---|---|---|
| 13.07.2023 | 14° 07.382′ N | 096° 22.417′ E |
| | 14° 06.635′ N | 096° 22.109′ E |
| 14.7.2023 မှ | 14° 07.668′ N | 096° 23.057′ E |
| 16.7.2023 ထိ | 14° 07.165′ N | 096° 22.413′ E |

၄။ ကေဘယ်ကြိုးကို ROV (Remotely Operated Underwater Vehicle) အား အသုံးပြု၍ သောင်တူးခြင်းဖြင့် မြှုပ်နှံခြင်းလုပ်ငန်းကို (၁၇.၇.၂၀၂၃) ရက်နေ့မှ (၃၁.၁၂.၂၀၂၃) ရက်နေ့အထိ အောက်ပါ Coordinate တစ်လျှောက် ဆောင်ရွက်သွားမည်ဖြစ်ပါသည်-

| Date | Latitude | Longitude |
|---|---|---|
| 17.07.2023 မှ | 15° 25.982′ N | 096° 31.965′ E |
| 31.12.2023 ထိ | 14° 07.382′ N | 096° 22.417′ E |

၅။ သို့ဖြစ်ပါ၍ မြန်မာအထူးသီးသန့်စီးပွားရေးဇုန် (Myanmar Exclusive Economic Zone) အတွင်း အထက်ဖော်ပြပါလုပ်ငန်းများကို ယှဉ်တွဲဖော်ပြပါနေ့ရက်များ၌ Coordinate (၂) ခု အား ချိတ်ဆက်ဆောင်ရွက်မည့် လမ်းကြောင်းတစ်လျှောက် လုပ်ငန်းဆောင်ရွက်နေစဉ် လုပ်ငန်းကြန့်ကြာမှုမဖြစ်ပေါ်စေရန်နှင့် လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းစေရန်အတွက် အထက်ဖော်ပြပါတည်နေရာများမှ ၅၀၀ မီတာ ပတ်လည်အတွင်း သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်းနှင့် ငါးဖမ်းကိရိယာများ ချထားခြင်းမရှိစေရန်အတွက် ရေကြောင်းသတိပေးချက် (Notice to Mariners) အား ထုတ်ပြန်ကြေညာအပ်ပါသည်။

ခေတ္တညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
မိုးကျော်-ညွှန်ကြားရေးမှူး(SSE)